**Keynote Address by His Excellency U Thein Sein, President of the Republic of the Union of Myanmar at the opening of the 47th ASEAN Foreign Ministers' Meeting and Celebration of the 47th Anniversary of the ASEAN Day, Nay Pyi Taw, Myanmar**

(8 August 2014)

Excellencies, Distinguished Delegates, Ladies and Gentlemen,

The coincidence of the 47th anniversary of ASEAN this year and the Opening of the ASEAN Foreign Ministers' Meeting is a rare and significant occasion in the history of ASEAN. Therefore, it is a privilege and great honour for me to speak on the occasion of both the opening ceremony of the 47th ASEAN Foreign Minister Meeting and Celebration of the 47th Anniversary of ASEAN here in Nay Pyi Taw.

47 years ago, on this very day, ASEAN was established by its founding members Indonesia, Malaysia, the Philippines, Singapore and Thailand. From the original five members of ASEAN, today ten members have grown to Southeast Asian Nations.

I would like to congratulate our fellow member, Indonesia, for the success and peaceful holding of presidential elections.

Excellencies, Distinguished Delegates, Ladies and Gentlemen

In the past forty seven years, ASEAN has weathered, endured and overcome incidences of abject poverty, internal conflicts, natural disasters and the major powers rivalries, and yet it has shown its extraordinary resilience.

Through the individual and collective efforts, ASEAN has become more united in striving for the establishment of an economically dynamic, politically peaceful, prosperous and stable, and socially caring community.

The absence of wars and conflicts has become a symbol of ASEAN and through this peaceful environment, ASEAN member states have been able to bring economic development and welfare for the majority of the people.

From an organization that promoted cooperation in the beginning, ASEAN today is striving for integration and is gaining success. These integration efforts will become more apparent in the coming years, ASEAN is now a market of 609 million people with a combined GDP of US 2.5 trillion dollars.

Even in past world economic recessions and crises, ASEAN's annual GDP growth rate exceeded more than five percent of annual average growth. ASEAN will soon become an ASEAN Community in line with its motto "One Vision, One Identity and One Community"

In support of our objectives, Myanmar has chosen the theme for its chairmanship "Moving Forward in Unity to a Peaceful and Prosperous Community" to vigorously and relentlessly move the community building process forward.

Excellencies, Distinguished Delegates, Ladies and Gentlemen,

The current developments in the world are causing serious concern to us. ASEAN should strengthen the ASEAN-led regional architecture. ASEAN should move forward its policy of non-alignment, proactiveness, resort to peaceful settlement of disputes and differences.

ASEAN must show its leadership and maintain its centrality. In the restructuring of new regional political and security frameworks in our region, the Treaty of Amity and Cooperation in the Southeast Asia should remain as basic document for our future endeavours.

In order to maintain the world's peace and prosperity, we should promote within ourselves a common spirit of peaceful co-existence, harmony and tolerance. We should refrain from extremism and let good-will, forbearance, peace and good nature prevail.

At the same time, we should study the root causes behind the rise of extremism. We should cure the disease from spreading and at the same time should prevent the disease from taking root.

At the age of globalization and interdependency, making use of improved communication and information technology, some small groups of people are exploiting the technology in order to spread hatred and to incite people. Peace-loving majority should also radiate the world of good-will and message of peace in response to promote peace.

Excellencies, Distinguished Delegates, Ladies and Gentlemen,

In moving forward to a peaceful and prosperous community, our first priority at present is the successful establishment of ASEAN Community. ASEAN is now at the critical juncture for the establishment of ASEAN Community as inspired by its Vision 2020.

We are encouraged by the fact that we have completed implementation of 80 percent of the targets of the ASEAN Community Blueprint. We are confident that in the coming 17 months, we will be able to achieve the remaining goals.

In order to redouble our community building efforts, we have adopted the Nay Pyi Taw Declaration on the realization of ASEAN Community at the 24th ASEAN Summit. In the declaration, the ASEAN leaders have shown their political will and determination to carry out the implementation task more actively and diligently.

The successful establishment of ASEAN Community will show the world that ASEAN is credible, united and integrated.

Excellencies, Distinguished Delegates, Ladies and Gentlemen,

The Second priority for ASEAN is to improve its efficiency and effectiveness, and to be more streamlined and better coordinated. After the ASEAN Charter came into force in 2008, ASEAN has transformed itself into a rules-based organization.

ASEAN needs to be more strengthened and bettered coordinated. The time has come to review ASEAN mechanisms and organs as well as to strengthen the ASEAN Secretariat, in order for ASEAN to perform better in the future.

We adopted the Bandar Seri Begawan Declaration at the 23rd ASEAN Summit in Brunei Darussalam and formed a High-level Task Force for this purpose. I share the view that we should provide adequate resources to match the increasing workload of ASEAN as well as we need to improve better coordination among ASEAN organs and mechanisms.

I am confident that the report and recommendations of the High-level Task Force will be valuable in transforming more streamlined, more capable and efficient organization.

The third priority of our organization is that ASEAN should be able to respond to the realities and changing circumstances of regional and international dynamics. Seventeen years ago, ASEAN adopted its vision 2020.

Today, in accordance with this vision, we are striving to establish an ASEAN Community that will soon be realized in 2015. Based upon this success, we should look forward to the next 15 or 20 years to set a new vision so that ASEAN will be more credible, relevant and responsive to changing circumstances and overcome the threats. Therefore, it is vital that all ASEAN member states participate actively in this important mission.

Excellencies, Distinguished Delegates, Ladies and Gentlemen,

On this very auspicious ASEAN Day, I would like to stress one important point in our endeavours of community building, setting forward-looking vision and strengthening our organization, i.e. we should not forget the fact that our ultimate aims should be to bring prosperity to our people, raise living standards, and ensure peace and stability for them and finally the promotion of human dignity.

Our efforts should provide tangible benefits to ASEAN people. We should also need to promote ASEAN awareness and create a venue for greater participation of ASEAN people in the Community Building. All inclusive and people-centred ASEAN should enjoy broad-based development and share the benefits to the most marginalized sectors of our societies.

The principles of Equitable Economic Development of ASEAN should be promoted to bring economic growth and create opportunities for all. In order to achieve equitable economic development, ASEAN has implemented the initiative for ASEAN Integration (IAI). I am encouraged to note that due to our collective efforts, the contribution of Cambodia, Lao PDR, Myanmar and Vietnam to the combined GDP of ASEAN has increased from 6 percent in 2009 to 12 percent in 2013.

As we are approaching closer to target year for ASEAN Community, I would like to urge you to accelerate our efforts on Initiatives for ASEAN Integration.

Excellencies, Distinguished Delegates, Ladies and Gentlemen,

On this occasion, I would also like to highlight an important matter to promote ASEAN integration, equitable development and highly competitive region. That is the promotion of

seamless connectivity within the ASEAN and ASEAN with the rest of the world and to fully implement Master Plan on ASEAN Connectivity (MPAC).

The Master Plan consists of physical connectivity, institutional connectivity as well as people to people connectivity that require substantial resources. These resources should not only come from the member states and international financial institutions but we must also prioritize the provision of resources through Public Private Partnership.

Excellencies, Distinguished Delegates, Ladies and Gentlemen,

When we move forward, ASEAN should be prepared to overcome the challenges and imminent threats. Among the challenges and threats, we should pay greater attention to climate change and natural disasters caused by extreme weather.

Taking these threats into consideration, we need to take preventative action as well as mitigation measures. In this respect, I would like to recall the actions that I proposed at the 24th Summit.

I would like to urge all to take urgent action on these proposals. To facilitate the prosperity of our people, we need to prioritize and undertake the policy and concepts that are focused and support sustainable environmental conservation and sustainable economic development.

Excellencies, Distinguished Delegates, Ladies and Gentlemen,

On this occasion of the 47$^{th}$ Anniversary of ASEA, I wish to call on all ASEAN member states to continue to move forwards in unity to a peaceful, economically dynamic and people-centred ASEAN; as standing tall as a dignified regional organization in the global community of nations.

I wish you to have constructive discussions at the 47th ASEAN Foreign Ministers' Meeting that will bring fruitful outcomes.

I thank you.

* * *

# (၄၇)ကြိမ်မြောက်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးဖွင့်ပွဲနှင့် (၄၇)ကြိမ်မြောက်အာဆီယံနေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် မိန့်ခွန်း

နေပြည်တော်၊ (၈-၈-၂၀၁၄) ရက်

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

ယခုလို (၄၇)ကြိမ်မြောက်အာဆီယံနေ့အခမ်းအနားနဲ့ (၄၇)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများရဲ့ နှစ်စဉ်အစည်းအဝေးဖွင့်ပွဲ အခမ်းအနား တိုက်ဆိုင်မှုဟာ အာဆီယံသမိုင်းမှာ ထူးခြားတဲ့ တိုက်ဆိုင်မှု တစ်ရပ်ပဲဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ လွန်ခဲ့သော(၄၇) ခုနှစ်က ယခုလိုနေ့မျိုးမှာ အာဆီယံအသင်းကြီးကို ထူထောင်ခဲ့ပါတယ်။ အာဆီယံဟာ မူလထူထောင်ခဲ့တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံများမှစတင်၍ ယနေ့မှာ အရှေ့တောင်အာရှဒေသမှာရှိတဲ့ နိုင်ငံ(၁၀) နိုင်ငံပါဝင်တဲ့ အဖွဲ့ကြီးတစ်ခုဖြစ်လာပါတယ်။

မိမိအနေနဲ့ မိမိတို့အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ လွတ်လပ်မျှတတဲ့ သမ္မတရွေးကောက်ပွဲကို ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

လွန်ခဲ့တဲ့(၄၇)နှစ်အတွင်းအာဆီယံနိုင်ငံများဟာ ဆင်းရဲနွမ်းပါးမှုများ၊ ပြည်တွင်းပဋိပက္ခများ၊ စီးပွားရေး အကြပ်အတည်းများ၊ သဘာဝဘေးအန္တရာယ်များ၊ အင်အားကြီးနိုင်ငံများရဲ့ ဖိအားပေးမှုများကို ရင်ဆိုင်ကြံ့ကြံ့ခံပြီး ကျော်လွှားနိုင်ခဲ့ပါတယ်။ အာဆီယံနိုင်ငံများဟာ စုပေါင်း ကြိုးပမ်းမှု နဲ့ တစ်ဦးချင်း ကြိုးပမ်းမှုများကနေ ကမ္ဘာ့အသိုက်အဝန်းအတွင်းမှာ စုစည်းမှုရှိသော၊ စီးပွားရေးရှင်သန်တိုးတက်သော၊ လူမှုရေးအရ ကူညီစောင့်ရှောက်တတ်သော၊ နိုင်ငံရေးအရ ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောသော အသိုက်အဝန်းကို ထူထောင်မှုကို ကြိုးပမ်းနိုင်ခဲ့ကြပါတယ်။ စစ်မက်ဘေးက ကင်းဝေးပြီး အေးချမ်းတည်ငြိမ်မှုဟာ အာဆီယံရဲ့အခြေခံ သရုပ်လက္ခဏာဖြစ်ပြီး ငြိမ်းချမ်းတည်ငြိမ်မှုကြောင့်လည်း စီးပွားရေးဖွံ့ဖြိုးမှု၊ ပြည်သူများရဲ့သာယာဝပြောမှုကို ဆောင်ကြဉ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။ အာဆီယံဟာ ကနဦးက အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာကနေပြီး ဒီကနေ့မှာဆိုရင် ပိုပြီးအဆင့်မြင့်မားတဲ့ ပေါင်းစည်းမှုအသွင်နဲ့ ရည်မှန်းချက်တွေကို အောင်မြင်အောင် ဆောင်ရွက်နေပြီး ဒီပေါင်းစည်းမှုဟာလည်း ၂၀၁၅ခုနှစ်မှာ ပိုပြီးထင်ရှားလာမှာ ဖြစ်ပါတယ်။ အာဆီယံဟာ အခုဆိုရင် လူဦးရေ (၆၀၉) သန်းရှိတဲ့ ဈေးကွက်ကြီး ဖြစ်လာပြီး စုစုပေါင်းထုတ်ကုန်တန်ဘိုး ဂျီဒီပီ

ဟာ အမေရိကန်ဒေါ်လာ(၂.၅) ထရီလီယံမျှရှိလာခဲ့ပြီဖြစ်ပါတယ်။ အာဆီယံရဲ့ စီးပွားရေး တိုးတက်မှုဟာ ကမ္ဘာ စီးပွားရေးကျဆင်းမှု၊ ယူရိုငွေကြေးဈေးကွက်ရဲ့ အကြပ် အတည်းများကြားမှာပင် နှစ်စဉ် ပျမ်းမျှ(၅)ရာခိုင်နှုန်းထက်ကျော်လွန်ခဲ့ပါတယ်။ မကြာမီ အာဆီယံဟာ အာဆီယံ အသိုက်အဝန်းကြီးကို အောင်မြင်စွာ ထူထောင်နိုင်တော့မှာဖြစ်ပြီး တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော အသိုက်အဝန်းဆိုတဲ့ အာဆီယံရဲ့ ဆောင်ပုဒ်နဲ့အညီ အောင်မြင်တဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။

ဒီမျှော်မှန်းချက်တွေနဲ့အညီ မြန်မာနိုင်ငံ အာဆီယံဥက္ကဌရဲ့ ယခုနှစ် ဆောင်ပုဒ်ကို ရှေ့သို့ တူညီတက်လှမ်းချီ ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီလို့ သတ်မှတ်ခဲ့ပြီး ငြိမ်းချမ်းသာယာ တဲ့ အာဆီယံ အသိုက်အဝန်း တစ်ရပ်ဆီသို့ မမှိတ်မသုန် ရှေ့ရှုပြီး ရှေ့သိုဆက်လက်ချီတက်ဘို့ တပ်လှန့် ခဲ့တာဖြစ်ပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

ယနေ့ကမ္ဘာ့ အခြေအနေများကို ကြည့်ရင် စိုးရိမ်မကင်းဘွယ် မတည်မငြိမ်မှုများစွာကို တွေ့ရပါတယ်။ အာဆီယံအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို စုပေါင်းထိန်းသိမ်း နိုင်ရေး အတွက် အာဆီယံကို အခြေခံပြီး ပြောင်းလဲတိုးတက်နေတဲ့ ဒေသဆိုင်ရာ ဗိသုကာများကို ပိုမိုခိုင်မာအောင်ဦးဆောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အာဆီယံဟာ မိမိတို့ရဲ့ အခြေခံမူများနဲ့အညီ ဘက်မလိုက်မှု၊ တက်ကြွလှုပ်ရှားမှု နဲ့ ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို ဦးတည်ချက်အဖြစ် ပြသဆောင်ရွက်ခြင်းနဲ့ မိမိတို့ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည် ဖော်သင့်တယ်လို့ ယူဆမိပါကြောင်း မိမိအနေနဲ့ ပြောကြားလိုပါတယ်။ အာဆီယံရဲ့ဗဟိုကျမှုနဲ့ ခေါင်းဆောင်မှုကို ပိုမိုပြသသွားကြရမှာ ဖြစ်ပါတယ်။ ဒေသဆိုင်ရာ နိုင်ငံရေးနဲ့လုံခြုံရေးမူဘောင်များကို အသစ်တစ်ဖန်စဉ်းစားတဲ့ နေရာမှာလဲ လက်ရှိမိမိတို့အားလုံး လိုက်နာကျင့်သုံးနေတဲ့ အရှေ့တောင်အာရှချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပါ အချက်တွေကို အခြေခံ သင့်တယ်လို့ ယူဆပါတယ်။

ကမ္ဘာကြီးကို ငြိမ်းချမ်းသာယာဝပြောစေရန်အတွက် ဘာသာရေး၊ လူမျိုးရေးတွေမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ သဟဇာတမျှတမှု၊ သည်းခံစိတ်များ မြှင့်တင်မှုတို့ကို အလေးထား ဆောင်ရွက်သွားကြရာမှာ ဖြစ်ပါတယ်။ အစွန်းတရားများကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာ နေထိုင်လိုမှု၊ မေတ္တာ၊ စေတနာစိတ်ထားကို လွှမ်းမိုးစေရမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာလဲ ဒီဝါဒများ ထွန်းကားလာမှုရဲ့ နောက်ကွယ်အကြောင်းအရာများကို လေ့လာ ဖော်ထုတ် ဖြေရှင်း ပေးသွားကြရမှာ ဖြစ်ပါတယ်။ ရောဂါကြီးထွားမလာအောင် ကုသကြရမှာဖြစ်သလို ရောဂါကို ဖြစ်ထွန်းစေတဲ့ အခြေခံအကြောင်းအရာများကို လေ့လာပြီးရောဂါမဖြစ်ပွား အောင်ကြိုတင် ကာကွယ် သွားကြရာမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးနဲ့ သတင်းနဲ့အချက် အလက်နည်း

ပညာများကြောင့် ကမ္ဘာ့တစ်ဝန်းလွှမ်းခြုံပြန့်နှံ့မှု ဖြစ်စဉ်နဲ့ အပြန်အလှန်မှီခို အကျိုးသက်ရောက်မှုတွေ ဖြစ်လာတဲ့အချိန်မှာ အမုန်းတရားပွားများစေမဲ့ သတင်းတွေကို လူနည်းစုက ဖြန့်ဝေလာသလို ငြိမ်းချမ်းမှု ကိုလိုလားတဲ့ လူများစုကလည်း ငြိမ်းချမ်းမှုနဲ့ မေတ္တာတရားကို ပွားများစေမဲ့ သတင်းစကားများကို တုန့်ပြန် ပြန့်ပွားစေရမှာ ဖြစ်ပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

အာဆီယံအနေနဲ့ ရှေ့သို့တူညီတက်လှမ်းချီရာမှာ ပထမဦးဆုံးဦးစား ပေးဆောင်ရွက်ရမဲ့ လုပ်ငန်းကတော့ အာဆီယံအသိုက်အဝန်းထူထောင်မှုဘဲ ဖြစ်ပါတယ်။ ယနေ့အချိန်ဟာ အာဆီယံ အတွက် အရေးကြီးဆုံးအချိန်ကို ရောက်နေပြီလို့ဆိုနိုင်ပါတယ်။ အာဆီယံအသိုက်အဝန်း ထူထောင်မှုဟာ လက်ရှိအခြေအနေမှာ (၈၀)ရာခိုင်နှုန်းမျှပြီးစီးနေပြီး လာမဲ့(၁၇)လအတွင်းမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ဒီအာဆီယံအသိုက်အဝန်း ထူထောင်ဘို့ လုပ်ငန်းများကို တွန်းအားပေးနိုင်ဘို့ ၂၀၁၄ခုနှစ်၊ မေလအတွင်း ကျင်းပခဲ့တဲ့ (၂၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးအတွင်းမှာ နေပြည်တော် ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပြီး အာဆီယံနိုင်ငံခေါင်းဆောင်များအနေနဲ့ မိမိတို့ ချမှတ်ထားတဲ့ အာဆီယံအသိုက်အဝန်းထူထောင် ရေးလုပ်ငန်းတွေကို မဆုတ်မနစ် တက်ကြွစွာ အကောင်အထည်ဖော်ကြဘို့ မိမိတို့ရဲ့ သံန္နိဋ္ဌာန် ချမှုများကို ထပ်လောင်း အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။

အာဆီယံအတွက် ဒုတိယဦးစားပေးဆောင်ရွက်ရမဲ့အချက်ကတော့ အာဆီယံရဲ့ဖွဲ့စည်းမှုကို ပိုမိုခိုင်မာစေရေးဘဲ ဖြစ်ပါတယ်။ အာဆီယံကို ၂၀၀၈ခုနှစ် အာဆီယံပဋိညာဉ်စာတမ်းအရ စည်းမျဉ်းစည်းကမ်းကို အခြေခံတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် အသွင်ပြောင်းခဲ့ရာမှာ အာဆီယံရဲ့ အဓိကအဖွဲ့အစည်းများရဲ့ခိုင်မာမှု၊ အာဆီယံအဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးတက်အောင်ဆောင်ရွက်ဘို့လိုအပ်လာပါတယ်။ အာဆီယံအဖွဲ့အစည်းများရဲ့ လုပ်ငန်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ဘို့နဲ့ ပြောင်းလဲလာတဲ့ အာဆီယံရဲ့အခန်းကဏ္ဍနဲ့ လုပ်ဆောင်မှုများနဲ့အညီ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကိုလဲ အင်အား ဖြည့်တင်းဘို့ ၂၀၁၃ခုနှစ်၊ အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ ဘန်ဒါဆီရီဘီဂါဝန် ကြေညာစာတမ်းနဲ့ အညီ အဆင့်မြင့်လုပ်ငန်း အဖွဲ့ကို ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်မှုများကို ပြုလုပ်နေပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေနဲ့ အာဆီယံရဲ့ ညှိနှိုင်းမှုယန္တရားများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ဘို့နဲ့ အာဆီယံရဲ့ လုပ်ငန်းများ ဆောင်ရွက်ရာမှာ လူအင်အား၊ ငွေကြေးနဲ့ ရုပ်ဝတ္ထုပစ္စည်းများ ဖြည့်တင်းပေးရန် လိုအပ်မှုကို သဘောပေါက်ကြပါတယ်။ အဆင့်မြင့်လုပ်ငန်းအဖွဲ့ရဲ့ သုံးသပ်မှုနဲ့ အကြံပြုတင်ပြ ချက်များဟာ အနာဂတ်မှာ အာဆီယံကို ပိုမိုကျစ်လစ်သိပ်သည်းခိုင်မာပြီး ပြောင်းလဲလာတဲ့ အခြေအနေများနဲ့အညီ ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ပိုမိုထိရောက်ထက်မြက် စွမ်းဆောင်ရည်ပြည့်ဝ တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်လာစေအောင် တွန်းအားပေးနိုင်လိမ့်မယ်လို့ မိမိတို့အပြည့်အဝ ယုံကြည် ပါတယ်။

အာဆီယံရဲ့ တတိယဦးစားပေးရမဲ့အချက်ကတော့ အာဆီယံဟာ ပြောင်းလဲနေတဲ့ ကမ္ဘာ့ရဲ့ ပကတိအခြေအနေများ နဲ့ တိုးတက်ဖြစ်ပေါ်လာတဲ့ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာ အနေအထားများ နဲ့အညီ တုန့်ပြန်ပြောင်းလဲနိုင်စေရေးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၇) နှစ်က အာဆီယံဟာ ၂၀၂၀ ခုနှစ် မျှော်မှန်းချက်ကို ချမှတ်ခဲ့ကြပါတယ်။ ဒီမျှော်မှန်းချက်များနဲ့အညီ အာဆီယံ အသိုက်အဝန်းကို ထူထောင်ခဲ့ရာမှာ ၂၀၁၅ခုနှစ်မှာ မျှော်မှန်းထားသည်များနှင့်အညီ အာဆီယံအသိုက်အဝန်းကြီး ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။ ဒီလိုအောင်မြင်မှုရရှိခဲ့တာနဲ့အညီ လာမဲ့ (၁၅) နှစ်အနှစ်(၂၀) ကို မျှော်မှန်းပြီး အာဆီယံရဲ့ မျှော်မှန်းချက်ကို ချမှတ်ကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ အာဆီယံဟာ နိုင်ငံတကာအသိုင်းအဝန်းအတွင်းမှာ အရေးပါပြီးခိုင်မာတဲ့ အဖွဲ့အစည်း တစ်ရပ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်ဟာ အာဆီယံကို ကမ္ဘာ့အမြင်ရှိတဲ့ အဖွဲ့အစည်း၊ ဒေသအတွင်းနဲ့ နိုင်ငံတကာအသိုက်အဝန်းအတွင်းမှာ တက်ကြွနိုးကြားမှုရှိတဲ့ အဖွဲ့အစည်း ဖြစ်လာစေမှာ ဖြစ်ပြီး စိန်ခေါ်မှုများကိုလဲ ကျော်လွှားနိုင်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅ခုနှစ်အလွန် အာဆီယံ မျှော်မှန်းချက်ကိုချမှတ်နိုင်မှုဟာ များစွာ အရေးကြီးတဲ့အတွက် အာဆီယံနိုင်ငံ အားလုံးက တက်တက်ကြွကြွနဲ့ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ကြမယ်လို့ မိမိတို့ ယုံကြည်ပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

အာဆီယံရဲ့ (၄၇)နှစ်မြောက် အာဆီယံနေ့အခမ်းအနားမှာ မိမိအနေတဲ့ တင်ပြချင်တဲ့ အရေးကြီးတဲ့အချက်က မိမိတို့ရဲ့ အသိုက်အဝန်းတည်ဆောက်မှု၊ မိမိတို့ရဲ့အဖွဲ့အစည်းခိုင်မာမှုနဲ့ အနာဂတ်မျှော်မှန်းချက်များချမှတ်ရန် ကြိုးပမ်းမှုတွေဟာ အာဆီယံနိုင်ငံသားများရဲ့ သာယာဝ ပြောမှု၊ လူနေမှုအဆင့်မြင့်မားမှု၊ အေးချမ်းစည်ပင်မှုနဲ့ လူ့ဂုဏ်သိက္ခာ မြင့်မားတိုးတက်မှုစတဲ့ အဆုံးစွန်ရည်မှန်းချက်များကို ဦးတည်နေတာဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုများဟာ အာဆီယံ ပြည်သူ များကို သိသာတဲ့ အကျိုးကျေးဇူးများကို ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုများကို အာဆီယံပြည်သူများက သိရှိပြီး အားလုံးပါဝင်လာအောင်လဲ ကြိုးပမ်းရမှာ ဖြစ်ပါတယ်။

အများပါဝင်နိုင်ပြီး ပြည်သူကိုဗဟိုပြုတဲ့ အာဆီယံဟာ ကျယ်ပြန့်တဲ့ စီးပွားတိုးတက်မှုကို ရရှိရမှာဖြစ်ပြီး အခွင့်အရေးနည်းပါးတဲ့ လူ့အဖွဲ့အစည်းအစိတ်အပိုင်းများအထိ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုရဲ့အကျိုးကို ခံစားနိုင်စေရမှာ ဖြစ်ပါတယ်။ အာဆီယံရဲ့ မျှတတဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု သဘောတရားဟာ စီးပွားရေး တိုးတက်မှုကို ရရှိစေပြီး အားလုံးအတွက် အခွင့်အလမ်း များကို ဖြစ်ပေါ်စေရမှာ ဖြစ်ပါတယ်။ ဒီမျှတတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိဘို့ အာဆီယံ အနေနဲ့ အာဆီယံ ပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းမှုနဲ့ ဖွံ့ဖြိုးမှုကွာဟမှုများကို လျော့နည်းစေမှု များကို ကြိုးပမ်းခဲ့ကြပါတယ်။ ဒီကြိုးပမ်းမှုများကြောင့် အဖွဲ့ဝင်နိုင်ငံသစ် များဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံများရဲ့ အာဆီယံရဲ့ စုစုပေါင်းဂျီဒီပီမှာ ပါဝင်မှုနှုန်း ဟာ ၂၀၀၉ခုနှစ်မှာ (၆)ရာခိုင်နှုန်းကနေ ၂၀၁၃ခုနှစ်မှာ (၁၂) ရာခိုင်နှုန်းအထိ တိုးတက်လာတာ ကို အားရဘွယ်တွေ့ရှိရပါတယ်။ အာဆီယံအသိုက်အဝန်းထူထောင်မှု ရည်မှန်းချက်နှစ် နီးကပ်

လာတာနဲ့အမျှ အာဆီယံပေါင်းစည်းရေးကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်ဟုန်မြှင့် ဆောင်ရွက်သွားကြဘို့ တိုက်တွန်းလိုပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

အာဆီယံရဲ့ပေါင်းစည်းမှု၊ တူညီတဲ့အခွင့်အလမ်းများနဲ့ အာဆီယံကို ပြိုင်ဆိုင်နိုင်စွမ်းရှိတဲ့ ဒေသဖြစ်ပေါ်စေရရှိရန် ကိစ္စမှာ အထူးအရေးကြီးတဲ့ ကိစ္စတစ်ရပ်ကိုလဲ မိမိအနေနဲ့ မီးမောင်းထိုးတင်ပြလိုပါတယ်။ ဒါကတော့ အာဆီယံနိုင်ငံအချင်းချင်းမှာလည်းကောင်း၊ အာဆီယံနဲ့ ကျန်ကမ္ဘာ့နိုင်ငံများအကြားမှာလည်းကောင်း ချောမွေ့စွာ ဆက်သွယ်နိုင်မဲ့ အာဆီယံဆက်သွယ်ရေး မဟာစီမံကိန်းကို မဖြစ်မနေ အကောင်အထည် ဖော်ကြဘို့ဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ရုပ်ဝတ္ထုအခြေခံအဆောက်အအုံများ ဆက်သွယ်မှု၊ ပြည်သူများအချင်းချင်း ဆက်သွယ်မှုနဲ့ အဖွဲ့စည်းဆိုင်ရာအချင်းချင်းဆက်သွယ်မှုများပါဝင်ပြီး ဒီစီမံကိန်းကို အကောင်အထည်ဖော်ဘို့ ငွေကြေးလိုအပ်ချက်များစွာရှိတဲ့အတွက် အစိုးရအချင်းချင်း ဇစ်မြစ်များကဖြစ်စေ၊ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများကဖြစ်စေ ရရှိနိုင်အောင် ကြိုးပမ်းရမှာဖြစ်ပြီး ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုကနေ ငွေကြေးများရရှိအောင်ဆောင်ရွက်ပြီး ဦးစားပေး အကောင်အထည် ဖော်သွားကြရမှာ ဖြစ်ပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

အာဆီယံအနေနဲ့ ရှေ့သို့တူညီတက်လှမ်းချီရာမှာ အာဆီယံအနေနဲ့ စိန်ခေါ်မှုနဲ့ ခြိမ်းခြောက်မှု များစွာကို ရင်ဆိုင်ကျော်လွှန်သွားနိုင်ရေးကို ပြင်ဆင်ထားကြဘို့ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုများနဲ့ခြိမ်းခြောက်မှုများအနက် ကမ္ဘာတစ်ဝှမ်းလုံးနဲ့အတူ ရင်ဆိုင်နေရတဲ့ ပြဿနာကတော့ ရာသီဥတုပြောင်းလဲမှုများနဲ့ အလွန်အမင်း ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုတွေဘဲ ဖြစ်ပါတယ်။ အာဆီယံအနေနဲ့ ဒီခြိမ်းခြောက်မှုများကို ကြိုတင်မျှော်လင့်ထားကြပြီး ကြိုတင် ကာကွယ်မှုနဲ့ ပြောင်းလဲနေတဲ့ ပတ်ဝန်းကျင် အခြေအနေများနဲ့အညီ လိုက်လျော ညီထွေဖြစ်အောင် ဆောင်ရွက်ကြဘို့ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ မိမိအနေနဲ့ ပြီးခဲ့တဲ့ (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အရေးယူဆောင်ရွက်သင့်တဲ့ အချက်တွေကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါတွေကို ဆက်လက်အကောင်အထည်ဖော်ပေးကြဘို့ တိုက်တွန်းလိုပါတယ်။ အာဆီယံပြည်သူများရဲ့ သာယာဝပြောမှုကို ဖြည့်ဆည်းပေးရာမှာ ရေရှည်တည်တံ့မဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးစဉ်းစားတဲ့မူဝါဒ၊ သဘောတရားများကို မလွဲမသွေခံယူ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အဆွေတော်များနှင့် ကိုယ်စားလှယ်များခင်ဗျား၊

ငြိမ်းချမ်းသာယာတဲ့ အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေဘို့၊ အမြဲရှင်သန်နေတဲ့ အဖွဲ့အစည်း ဖြစ်ပေါ်စေဘို့၊ စီးပွားရေးအားဖြင့် ရှင်သန်သွက်လက်တဲ့ အဖွဲ့အစည်းဖြစ်စေဘို့ အာဆီယံပြည်သူများကို ဗဟိုပြုတဲ့အာဆီယံဖြစ်စေဘို့၊ နိုင်ငံတကာအသိုက်အဝန်းအလယ်မှာ ဂုဏ်ယူတင့်တယ်စွာ ရပ်တည်နိုင်တဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ် ဖြစ်စေဘို့ ရှေ့သို့ တူညီတက်လှမ်းချီကြဘို့ ယခုလို(၄၇)ကြိမ်မြောက် အာဆီယံနေ့ အခါသမယမှာ အာဆီယံနိုင်ငံအားလုံးကို တိုက်တွန်းလိုပါတယ်။

ယနေ့ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများရဲ့ (၄၇)ကြိမ်မြောက်အစည်းအဝေးဟာလဲ အပြုသဘောဆောင်၊ အကျိုးရှိပြီးရလဒ်ကောင်းများ ပေါ်ထွန်းလာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

* * *